■ "အသံ"

# "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းသည်

# ကမ္ဘာ့စီးပွားရေးပြန်လည်ဟန်ချက်ညီရန်အတွက် အကျိုးဖြစ်ထွန်းနိုင်

ဩဂုတ်လ၁၇ရက်နေ့တွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် တရုတ်သမ္မတကြီး ရှီကျင့်ဖျင်က မိန့်ခွန်းပြောကြားရာတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းတည်ဆောက်ရေးကို အခွင့်ကောင်းအဖြစ်ထားပြီး နိုင်ငံဖြတ်ကျော် အပြန်အလှန် ချိတ်ဆက်ရေး လုပ်ငန်းဆောင်ရွက်၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အဆင့်အတန်းမြှင့်တင်လာပြီး နိုင်ငံတကာ ကုန်ထုတ်စွမ်းအားနှင့် စက်ပစ္စည်းထုတ်လုပ်ရန် ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးစေလိုကြောင်း၊ အနှစ်သာရမှာထိရောက်သော ထောက်ပံ့အား မြှင့်တင်ခြင်းမှတစ်ဆင့် လိုအပ်ချက်သစ်များ မွေးထုတ်လာပြီးကမ္ဘာ့စီးပွားရေး ပြန်လည်ဟန်ချက်ညီမှုကို အကောင်အထည် ဖော်စေခြင်းဖြစ်ကြောင်း စသည်ဖြင့်တင်ပြခဲ့သည်။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းတည်ဆောက်ရေးသည် ကမ္ဘာ့စီးပွားရေးကို မည်သို့ပြန်လည်ဟန်ချက်ညီအောင် တွန်းအားပေးနိုင်မည်နည်း။ စာရေးသူသည် အောက်ပါအချက် (၃)ချက် ရှိသည်ဟုယူဆထားသည်။

ပထမအချက်မှာ မောင်းနှင်အားကို ပြန်လည်ဟန်ချက်ညီ စေခြင်းဖြစ်သည်။ နိုင်ငံတကာ ငွေကြေးကျပ်တည်းမှုဖြစ်ပွားလာပြီးသည့်နောက် တရုတ်နိုင်ငံသည်ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် အရေးကြီးလှသော မောင်းနှင်အား အစစ်အမှန်ဖြစ်လာသည်။ စီးပွားရေးတိုးတက်မှုပမာဏမှာ တစ်ကမ္ဘာ့လုံး စီးပွားရေးတိုးတက်မှုပမာဏ၏ ၃၀ ရာခိုင်နှုန်းအထက်ပါဝင်လျက်ရှိနေသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းတည်ဆောက်ရေးသည် တရုတ်နိုင်ငံမှ မိမိ၏ဖွံ့ဖြိုးတိုးတက်ရေး မြန်နှုန်းမြင့်ရထားနှင့် ယာဉ်ကြုံကိုစီးနင်းလိုက်ပါစေရန်အဖက်ဖက်တို့ကို ကြိုဆိုခြင်းပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းထဲ ပါဝင်လာရန် ကြိုဆိုခြင်းလည်းဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်သည် အခြေခံအဆောက်အအုံ တည်ဆောက်ရေးကိုဂရုပြုခြင်းဖြစ်သည်။ ယင်းသည် စီးပွားရေးတိုးတက်မှုအတွက် ကြီးမားသော၊ ရေရှည်သော မောင်းနှင်အား ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

ဒုတိယအချက်မှာ ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည် ဟန်ချက်ညီစေခြင်းဖြစ်သည်။ အနောက်နိုင်ငံများသည် ခေတ်သစ်၏ ကမ္ဘာ့ရေးရာစနစ်ကို ထူထောင်ခဲ့ပြီးဖြစ်သည်။ "ကျေးလက်များကို မြို့ပြများ၏ လက်အောက်ခံ အဖြစ်ထားခြင်း"၊ "မယဉ်ကျေးသေးသောနိုင်ငံ၊ ယဉ်ကျေးဆဲနိုင်ငံများကို ယဉ်ကျေးပြီး နိုင်ငံများ၏ လက်အောက်ခံအဖြစ်ထားခြင်း"၊ "လယ်သမားလူတန်းစားကို အရင်းရှင်လူတန်းစား၏လက်အောက်ခံ လူတန်းစားအဖြစ်ထားခြင်း"၊ "အရှေ့တိုင်းကို အနောက်တိုင်း၏ လက်အောက်ခံအဖြစ်ထားခြင်း"။ ဤသို့သော ဂလိုဘယ်လ်လိုက်ဇေးရှင်းအတွက် တစ်စုံတစ်ခုသော ရှုထောင့်မှ ပြောရလျှင် မမှန်သော ဂလိုဘယ်လ်လိုက်ဇေးရှင်းဖြစ်သည်၊ ဟန်ချက်ညီအောင် ဖွံ့ဖြိုးတိုးတက်ခြင်း မဟုတ်သော ဂလိုဘယ်လ်လိုက်ဇေးရှင်းဖြစ်သည်။ သို့ဖြစ်၍ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းသည်ပေါ်လစီ၊ အဆောက်အအုံ၊ ကုန်သွယ်မှု၊ ငွေကြေး၊ ပြည်သူ့စိတ်သဘောစသည့် ကဏ္ဍမှနေ၍ အပြန်အလှန်ချိတ်ဆက်ပြီး အမှားကိုအမှန်အဖြစ်ပြင်ဆင်ထားခြင်းဖြစ်သည်။ ကုန်းလမ်းနှင့် ရေလမ်းမှနေ၍ စီမံခန့်ခွဲခြင်း၊ ပြည်တွင်းနှင့် ပြည်ပမှနေ၍ စီမံခန့်ခွဲခြင်း၊ နိုင်ငံရေးနှင့် စီးပွားရေးမှနေ၍ စီမံခန့်ခွဲခြင်းတို့ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ပင်လယ်ကမ်းရိုးတန်း ဒေသအကြား၊ ပြည်တွင်း၊ ပြည်ပနှင့် နိုင်ငံရေး၊ စီးပွားရေး တိုးတက်မှုတို့အကြား ပြန်လည်ဟန်ချက်ညီအောင် အကောင်အထည်ဖော်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဒွိကိန်းစီးပွားရေး ဖွဲ့စည်းပုံကို ပြောင်းလဲ၍ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"တည်ဆောက် ရေးကို တရုတ်ပြည်သူ ပြည်သားများအတွက် သာမက လမ်းတစ်လျှောက်ရှိ နိုင်ငံများမှ ပြည်သူပြည်သားများအတွက်ပါ သုခချမ်းသာစေမည်ဖြစ်သည်။

တတိယအချက်မှာ အပြန်အလှန်တုံ့ပြန်မှုကို ပြန်လည်ဟန်ချက်ညီစေခြင်းဖြစ်သည်။"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်ကို စကားလုံးတစ်ခုဖြင့်ခြုံ၍ပြောရလျှင်"အပြန်အလှန်ချိတ်ဆက်ခြင်း"(Mutual Connectivity)ပင်ဖြစ်သည်။"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"တိုက်တွန်းချက်မှ တင်ပြသော "အပြန်အလှန်ချိတ်ဆက်ခြင်း" သည် ယခင်က နိုင်ငံတကာဆက်ဆံရေးတွင် တရုတ်နှင့် အခြားနိုင်ငံများအကြား၏ အပြန်အလှန်တုံ့ပြန်မှုကို ထိရောက်စွာပြောင်းလဲစေပြီး ဟန်ချက်ညီအောင် အပြန်အလှန် တုံ့ပြန်မှုဖော်ဆောင်နိုင်မည်ဖြစ်သည်။

လက်ရှိတွင်TPP(ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော်အဖော်များ ဆက်ဆံရေးဆိုင်ရာသဘောတူညီချက်)၊ TTIP (အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဖော်များဆက်ဆံရေးဆိုင်ရာ သဘောတူညီချက်) စသည်တို့မှာ အကျိုးရလဒ် ချက်ချင်းဖြစ်ထွန်းနိုင်မှာမဟုတ်ပါ။"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"တိုက်တွန်းချက်သည် နိုင်ငံတကာ ငွေကြေးကျပ်တည်းမှု ဖြစ်ပွားပြီးသည့်နောက် လက်တွေ့အကျဆုံးသော၊ အရှိန်အဝါအရှိဆုံးသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုက်တွန်းချက်ဖြစ်လာတော့သည်။ ကမ္ဘာ့စီးပွားရေးနိမ့်ကျမှုမှ ရုန်းထွက်လာရန်၊ နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်လောက်သော ဦးတည်ချက်ကြီးဖြစ်ပြီး တစ်ကမ္ဘာလုံးရှိ ရင်းနှီးမြှုပ်နှံသူများအတွက် မျှော်လင့်ချက်များဆောင်ကြဉ်းပေးနိုင်သည်။ လောလောဆယ်နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်း(၁၀၀)ကျော် တို့သည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" စီမံကိန်းထဲ ပါဝင်လာခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂစသည့် နိုင်ငံတကာ အဖွဲ့အစည်းများကလည်းတက်ကြွစွာ သဘောထားရှိကာ အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုဘဏ်၊ ပိုးလမ်းမကြီး ရန်ပုံငွေတို့ကိုယ်စားပြုသော ငွေကြေးပူးပေါင်းဆောင်ရွက်မှုသည်လည်း အဆက်မပြတ်နက်ရှိုင်းလာနေဆဲဖြစ်သည် . . .။

"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တိုက်တွန်းချက်တင်ပြပြီးသည့် (၃)နှစ်တာကာလအတွင်းစီမံကိန်း တည်ဆောက်ရေးလျာထားချက်နှင့် အောင်မြင်မှုရလဒ်မှာမျှော်မှန်းထားသည်ထက် ပိုမိုအကျိုးဖြစ်ထွန်းလာနေသည်။ ယင်းအသေးစိတ်တိကျသော၊ စစ်မှန်သော အောင်မြင်မှုများသည် ကမ္ဘာ့စီးပွားရေး ပြန်လည်ဟန်ချက်ညီအောင် တိုးမြှင့်နေဆဲဖြစ်သည်။

ဆောင်းပါး - ဝမ်ရိဝေ





## တရုတ်နိုင်ငံလျှပ်စစ်ရင်းနှီးမြှုပ်နှံမှုအုပ်စုသည် မြန်မာ့ရေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေး

ဩဂုတ်လ ၂၄ ရက်နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၏ တိုက်တွန်းမှုနှင့်စည်းရုံးမှုအောက်တွင် တရုတ်လျှပ်စစ် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအုပ်စုစသည့်မြန်မာနိုင်ငံရှိတရုတ်လုပ်ငန်းများသည် မြန်မာနိုင်ငံလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ မြန်မာကျပ်ငွေသန်း၄၀ လှူဒါန်းခဲ့သည်။ ၎င်းအနက် ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင်အသုံးပြုနိုင်ရန် တရုတ်လျှပ်စစ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီအုပ်စုသည် သန်း ၁၀ လှူဒါန်းခဲ့သည်။

လွန်ခဲ့သည့်နှစ်လအတွင်း မြန်မာနိုင်ငံ၌ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြန်မာနိုင်ငံတစ်ပြည်လုံးရှိ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခုအနက် (၁၂)ခုတို့မှာ ရေဘေးဒဏ်အသင့်အတင့်ခံခဲ့ရသည်။ ယင်းရေဘေးဒဏ်ကြောင့် လူ(၁၀၀)ကျော် သေဆုံးပြီး အိမ်ထောင် ၂ ဒသမ ၂ သိန်းတို့မှ လူဦးရေ ၁ သန်းနီးပါးတို့သည် ရေဘေးဒဏ်ခံခဲ့ရသည်။ တရုတ်လျှပ် စစ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီအုပ်စုစသည့် မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းများက တက်ကြွစွာလုပ်ဆောင်ပြီး ကူညီပေးခဲ့သည်။

လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးဟုန်လျန်သည် နိုင်ငံ့ကိုစီမံခန့်ခွဲလိုလျှင် ရေကိုဦးစွာစီမံခန့်ခွဲရမည်ဖြစ်ကြောင်း၊ မကြာသေးမီ တရုတ်-မြန်မာ နှစ်နိုင်ငံအကြီးအကဲများက ရရှိထားသည့် အရေးကြီးသော ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များကို တက်ကြွစွာဖော်ဆောင်နိုင်ရန်တရုတ်ဖက်အနေနှင့် မိမိ၏အားသာချက်များကိုဖော်ထုတ်ပြီး မြန်မာနိုင်ငံကို ကူညီကာ ရေဝတီမြစ်ကြောင်းအထွေထွေစီမံခန့်ခွဲရေး လုပ်ငန်းဆောင်ရွက်ပေးရန် ဆန္ဒရှိပါကြောင်း၊ ထိုသို့လုပ်ရခြင်းအားဖြင့် ရေကြီးရေလျှံမှု ခုခံကာကွယ်နိုင်စွမ်းမြှင့်တင်စေပြီး မြန်မာ့ပြည်သူများအား ရေဘေးမှကင်းဝေးစေရန်ဖြစ်ကြောင်း ပြောကြားသွားသည်။

အခမ်းအနားအပြီးတွင် တရုတ်လျှပ်စစ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီအုပ်စု ဧရာဝတီမြစ်ကုမ္ပဏီ ဒုတိယအထွေထွေမန်နေဂျာ လီကျန့်ဝေက မြန်မာ့မီဒီယာများ၏ပူးတွဲတွေ့ဆုံမေးမြန်းမှုကို လက်ခံရှင်းလင်းပြောကြားရာတွင် ယခုအကြိမ်လှူဒါန်းပွဲသည် တရုတ်လျှပ်စစ် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီအုပ်စုနှင့် ဝန်ထမ်းဦးရေ ၁ ဒသမ ၄ သိန်းကျော်မှ မြန်မာ့ဆွေမျိုးပေါက်ဖော်များအပေါ် ဆောင်ကြဉ်းပေးသောဂရုပြုမှုနှင့် ဆုတောင်းပေးမှုများဖြစ်ကြောင်း၊ လွန်ခဲ့သည် (၅)နှစ်အတွင်း မိမိတို့လုပ်ငန်းအနေနှင့် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းအတွက် စုစုပေါင်း



မြန်မာကျပ်ငွေ ၁ ဘီလီယံထက်မနည်း လှူဒါန်းပေးပြီး သဘာဝဘေးသင့်ပြည်သူများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လူမှုရေးဆိုင်ရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပရဟိတလှုပ်ရှားမှုများကို တက်ကြွစွာပြုလုပ်နိုင်ခဲ့ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအတွက် အကျိုးဆောင်ပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြပါသည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ပိုင်လီချွင်း